လုံးပျဉ်ကျေးရွာအုပ်စု၊ ဆောင်းပြောင်း(နောက်)ကျေးရွာ

ပင်လောင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစာတမ်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
လုံးပျဉ်ကျေးရွာအုပ်စု၊ ဆောင်းပြောင်း(နောက်)ကျေးရွာ၊ ပင်လောင်းမြို့နယ်
**( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)**
(ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စကားချီး | ၂ | ၂ |
| ၂ | ကျေးရွာ၏ သယံဇာတပြမြေပုံ | ၃ | ၃ |
| ၃ | ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | ၄ | ၄ |
| ၄ | ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၅ | ၅ |
| **အပိုင်း(၁)**<br>**ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** | | | |
| ၅ | တည်နေရာနှင့် ပထဝီအနေအထား | ၆ | ၆ |
| ၆ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၆ | ၆ |
| ၇ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၆ | ၆ |
| ၈ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၇ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ | ၇ |
| | (ဂ) ငါးလုပ်ငန်း | ၇ | ၇ |
| | (ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ | ၈ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၈ | ၈ |
| ၉ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၈ | ၈ |
| ၁၀ | ပညာရေး | ၈ | ၉ |
| ၁၁ | ကျန်းမာရေး | ၉ | ၉ |
| ၁၂ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉ | ၉ |
| ၁၃ | ကျား-မရေးရာ | ၉ | ၁၀ |
| ၁၄ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၀ | ၁၂ |
| **အပိုင်း (၂)**<br>**စီမံချက်ဆိုင်ရာအချက်အလက်များ** | | | |
| ၁၅ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၃ | ၁၃ |
| ၁၆ | စီမံချက်ဆိုင်ရာ အချက်အလက်များ | ၁၄ | ၁၆ |
| ၁၇ | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၁၇ | ၁၈ |
| **နောက်ဆက်တွဲများ** | | | |
| ၁၈ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၉ | ၅၀ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၆/၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၂၀၃၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဝါဝန်ရှိသူများ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိ သက်ဆိုင်ရာအဖွဲ့စည်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေး စိတ်ပါဝင်စားပြီး ရေးတတ်ဖတ်တတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် လက်ရှိကျေးရွာနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများထံမှလည်း ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိနားလည်ခဲ့ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေး စိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့<br>ဆောင်းပြောင်း(နောက်)ကျေးရွာ၊လုံးပျဉ်ကျေးရွာအုပ်စု<br>ပင်လောင်းမြို့နယ်

## ပင်လောင်းမြို့နယ် လုံးပျဉ်ကျေးရွာအုပ်စု၊ ဆောင်းပြောင်း(နောက်)ကျေးရွာ၏ သယံဇာတပြမြေပုံ



# ပင်လောင်းမြို့နယ်၊ လုံးပျဉ်ကျေးရွာအုပ်စု၊ ဆောင်းပြောင်း(နောက်)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



## ပင်လောင်းမြို့နယ်၊ လုံးပျဉ်ကျေးရွာအုပ်စု၊ ဆောင်းပြောင်း(နောက်)ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## အပိုင်း(၁)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ဆောင်းပြောင်း(နောက်)ကျေးရွာသည် ပင်လောင်းမြို့နယ်၏ တောင်ဘက်ပိုင်းရှိ (၁၅)မိုင်ခန့်အကွာတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် ပင်လောင်း-ဖယ်ခုံ-မိုးဗြဲ-လွိုင်ကော်ပြည်ထောင်စု လမ်းမကြီးဘေးတွင် တည်ရှိနေသည့်ကျေးရွာဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ကောင်ဗာကျေးရွာ၊ အနောက်ဘက်တွင် တောင်တန်းများရှိပြီး၊ တောင်ဘက်တွင် ဆောင်းပြောင်း(တောင်)ကျေးရွာ နှင့် မြောက်ဘက်တွင် ဆောင်းပြောင်း (မြောက်)ကျေးရွာတို့ တည်ရှိပါသည်။ ဆောင်းပြောင်း(နောက်)ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ စပါး၊ ပြောင်း၊ မြေပဲ၊ ငရုတ်၊ ကြက်သွန်ဖြူ စသည့်သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်**။** မွေးမြူရေးလုပ်ငန်း အနေဖြင့် တပိုင်တနိုင်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ အနည်းငယ်သာရှိပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၅၂.၉၅ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်များစွာ အထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှုမှာ တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့် ဒေသဖြစ်ပါသည်။

### ၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ဆောင်းပြောင်း(နောက်)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ လယ်ယာမြေများသည် မြေဆီလွှာကောင်းပြီး စပါး ပြောင်း၊မြေပဲ၊ ဂျင်း၊ ငရုတ်၊ ကြက်သွန်ဖြူ စသည့်သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ ရာသီဥတု အခြေအနေမှာ အအေးပိုသည့် ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အောင်မြင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာအတွင်းနှင့် ကျေးရွာအနီးနားတွင် သဘာဝ တွင်းထွက် သယံဇာတများ ထွက်ရှိမှု မရှိပါ။

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဆောင်းပြောင်း(နောက်)ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့**၊** ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ ဘာသာရေးဆိုင်ရာ၊ မီးလင်းရေးကော်မတီ၊ ပညာရေး၊ အဖွဲ့အစည်းများလည်းရှိပြီး ကျေးရွာပြင်ပအဖွဲ့အစည်း ချိတ်ဆက်မှုအနေဖြင့် "**UNDP**"၊ "ကမ္ဘောဇအလင်းတန်း"နှင့် "**ICRCC**" ကဲ့သို့သော ဖွံ့ဖြိုးရေးဆိုင်ရာ အသင်းအဖွဲ့များရှိခဲ့ပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များမှာ အနည်းဆုံး(၇)ဖွဲ့ရှိပြီး မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှလူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနအဖွဲ့ အစည်းများအနေဖြင့် မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်လျှပ်စစ်ဦးစီးဌာန နှင့် မြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ န.တ.လ စသည့်ဌာနများမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံ ဆောင်ရွက်ပေးမှုရှိပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အဆင်ပြေသော အိမ်ထောင်စု(၈)စု၊ အလယ်အလတ်အိမ်ထောင်စု(၃၁)စု၊ မပြေလည်သော အိမ်ထောင်စု(၈၇)စုနှင့် ကျန်အိမ်ထောင်စု(၈၃)စုသည် အလွန်ဆင်းရဲသော အိမ်ထောင်စုများအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အတင့်တင့်အနေအထားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအား မိုးရာသီအချိန်တွင်သာ စိုက်ပျိုးကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၂)စီး၊ မြက်ရိတ်စက်(၁)လုံးပိုင်ဆိုင်ကြပြီး၊ ကျန်ရှိအိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးသုံး လယ်မြေစက်ကိရိယာများအား ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေအရင်းအမြစ်မှာ အများအားဖြင့် မိုးသောက်ရေတစ်ဆင့်ရရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အဆင်မပြေပါ။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေသြဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက် မတည်မငြိမ်ခြင်းတို့များ ကြောင့် တောင်သူများအမြတ် ရရှိမှုနည်းပါးပါသည်။ အလယ်အလတ်အဆင့်ရှိသော စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စုများအပြင် အခြားဆင်းရဲသော အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြင်တွင်း/ပြည်ပအခြားသော ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ဆောင်းပြောင်း(နောက်)ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည့်အပြင် မွေးမြူရေးဆိုင်ရာ အရင်းအနှီးများ ချေးငွေများ/သွင်းအားစုများ မရရှိခြင်း၊ နည်းပညာနှင့် မြေနေရာ၊ ရေရရှိရေး စသည့် အခက်အခဲများကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သည့် အိမ်ထောင်စုများ မရှိပါ။

### (ဂ)ငါးလုပ်ငန်း

ဆောင်းပြောင်း(နောက်)ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ ရေအရင်းမြစ်ရှားပါးခြင်း၊ မြေနေရာရရှိမှု အခက်အခဲများစသည်တို့ကြောင့် ရေလုပ်ငန်း နှင့် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် အိမ်ထောင်စုများ မရှိပါ။

### (ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ဆောင်းပြောင်း(နောက်)ကျေးရွာတွင် စီးပွားဖြစ်ထုတ်ကုန်လုပ်ငန်းများမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၃၀၀၀ဝိ/ကျပ် မှ ၂၅၀၀၀/ကျပ် အထိရပါသည်။ အလုပ်ကြမ်းသမားအဆင့်မှာ ၂၀၀၀၀ မှ ၁၅၀၀၀ ရရှိကြပါသည်။ သီးနှံများခူးဆွတ်ရိတ်သိမ်းချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ (၁၅၀၀၀)မှ (၂၀၀၀၀)ကျပ်အထိ ရရှိ

ကြပါသည်။ ဆောင်းပြောင်း(နောက်)ကျေးရွာတွင် လုပ်အားခရရှိမှုမှာ ဆောက်လုပ်ရေးလုပ်ငန်းများမှ လွဲ၍အမျိုးသား နှင့် အမျိုးသမီး တူညီစွာရရှိကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာရိန်း၊ ဂဟေဆက်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်လျှော့)ပြင် သင်တန်းစသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှု နည်းပါးခြင်းတို့ကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများတွင် အခွင့်အလမ်းနည်းပါးပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ဆောင်းပြောင်း(နောက်)ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းအတွက် "မဟာ"ချေးငွေနှင့် “စဉ္စပနာ” ချေးငွေစသည့် ပုဂ္ဂလိကချေးငွေအသင်းထံများ ချေးငွေများကို ချေးယူကြပါသည်။ ထို့အပြင် ပြောင်းပွဲစားများမှတစ်ဆင့်လည်း စိုက်ပျိုးရေးချေးငွေများကို ကြိုတင်ချေးယူပြီး သီးနှံပေါ်သည့် အချိန်တွင်ပြန်လည်ပေးဆပ်ကြပါသည်။ သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအလုံအလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပေါ်ငွေလိုအပ်လာပါက အတိုးပေးချေးသူ /မိတ်ဆွေ/ဆွေမျိုးများထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း **(၅)**ကျပ်မှ (၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။ ထိုသို့ချေးယူရာတွင်လည်း အပေါင်ခံပစ္စည်းများပေါင်နှံထားရန် လိုအပ်ပါသည်။

၅။ **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျွန်ုပ်တို့ကျေးရွာ၏ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများအနေဖြင့်ကျေးရွာတွင်းလမ်းတချို့သည် ကျောက်ခင်းလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရ အခက်အခဲရှိသည့်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် တပ်ဆင်နိုင်ခြင်း မရှိသေးပါ။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန့်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာ၏ အနီးဆုံး ဈေးကွက်အနေဖြင့် ပင်ခွန်ကျေးရွာ၏ (၅)ရက်(၁)ကြိမ်ဈေးတွင် စားသောက်ကုန်များ ဝယ်ယူနိုင်ပြီး အကြီးစားဈေးကွက်အနေဖြင့် ပင်လောင်းမြို့မဈေးသို့ စားသောက်ကုန်များ ဝယ်ယူသုံးစွဲကြပါသည်။ ကျေးရွာတွင် သောက်သုံးရေရရှိမှုမှာ မိုးရေအား အိမ်တိုင်းစေ့ ရေလှောင်ကန်များပြုလုပ်ပြီး သိုလှောင်သုံးစွဲကြပါသည်။ ကျေးရွာသူ/သားများအနေဖြင့် မိမိကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထ စနစ်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်တတ်ကြသည့် စိတ်ဓါတ်ရှိပါသည်။

၆။ **ပညာရေး**

ဆောင်းပြောင်း(နောက်)ကျေးရွာတွင် အထက်တန်း(ခွဲ)အဆင့်ကျောင်းရှိပါသည်။ ကျေးရွာတွင်းရှိ ကျောင်းသူ/သားများသည် အဆိုပါကျောင်းသို့ ပညာသင်ကြားရပါသည်။ ငွေကြေးတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် မိမိသား/သမီးများအား ပင်လောင်းမြို့ပေါ်ရှိ (အ.ထက)စာသင်

ကျောင်းများတွင် ပညာသင်ကြားကြရပါသည်။ ကျေးရွာတွင်လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားဦးရေ(၇၁)ဦး၊ အလယ်တန်း(၇၂)ဦးနှင့် အထက်တန်း(၄၁)ဦး ၊တက္ကသိုလ်/ကောလိပ်(၁၇)ဦးရှိပါသည်။ ကျေးရွာသူရွာသားများအား လုံးနီးပါး စာရေးတတ်၊ ဖတ်တတ်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်း ကျောင်းမဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေး နှင့် ပတ်သတ်လျှင် အသင့်အတင့် နားလည်သဘောပေါက်ကြပြီး မိမိသားသမီးငယ်များကိုလည်း ပညာသင်ကြားစေရေး အားပေးသည့် ကျေးရွာဖြစ်ပါသည်။ မူလတန်းပညာရေးမှာလည်း ပညာသင် ကြားမှုနှုန်း မြင့်မားသော်လည်း အလယ်တန်းနှင့် အထက်တန်းအထိ ပညာသင်ကြားမှုအတင့်တင့် ရှိပါသည်။

## ၇။ ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာအနီးနားရှိ ဆောင်းပြောင်း(မြောက်)ကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် ဆေးကုသခံယူကြပြီး အရေးပေါ်လူနာများကို ပင်လောင်းမြို့နယ်ပြည်သူ့ဆေးရုံ၊ အောင်းပန်းမြို့ပေါ်ရှိ ဆေးရုံများသို့ သွားရောက်ဆေးကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုးနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် မိုးရေကိုသာနှင့် စိမ့်စမ်းရေကိုသာ အဓိကထား သောက်သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများသည် အိမ်သာကို ရေဆွဲ၊ ယင်လုံစနစ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက သစ်သားပတ်/အုတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ ကျေးရွာတွင် ယင်လုံအိမ်သာများသုံးစွဲမှု အနည်းငယ်သာရှိကြပြီး ကျန် အိမ်ထောင်စုများသည် ရေလောင်းအိမ်သာများကိုသာ အဓိကထား သုံးစွဲကြပါသည်။ ယင်ကြောင့် ဖြစ်ပွားတတ်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ဝမ်းပျက်/ဝမ်းလျှောဖြစ်ပွားမှုများပြားပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် မိုးရာသီတွင် ရန်ဖန်ရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများရှိပါသည်။ ကျေးရွာတွင် စပါး၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ စိုက်ခင်းများတွင် ဖျက်ပိုးရောဂါများကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေသြဇာများ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးပျက်စီး၍ အထွက်နှုန်းများ ကျဆင်းလာပါသည်။ တောင်သူများ အနေဖြင့် ဓါတုဇေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ် တကျစွန့်ပစ်မှုအားနည်းခြင်းနှင့် အသိပညာဗဟုသုတများသိရှိမှု အားနည်းခြင်းတို့များကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ/ဟောပြောပွဲများကို နှစ်စဉ်နှစ်တိုင်း ဌာနဆိုင်ရာအဖွဲ့များ၊ ပြင်ပအဖွဲ့အစည်းများ ကျင်းပပြုလုပ်ပေးနိုင်မည်ဆိုပါက ကျေးရွာအတွက်များစွာ အကျိုးရှိပါသည်။

## ၉။ ကျား/မရေးရာ

ဆောင်းပြောင်း(နောက်)ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာ သတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြား

ဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း အတွက်နေ့ တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။ ကျေးရွာတွင် အမျိုးသမီးအကြမ်းဖက်မှုများ၊ လူကုန်ကူးမှု စသည်များဖြစ်ပွားမှု မရှိပါ။

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

ဆောင်းပြောင်း(နောက်)ကျေးရွာ၏ နှစ်အလိုက် ဦးစားပေးအစီအစဉ်များကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် ကြိုက်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်း စနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးကျင်းပပြုလုပ်၍ စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ခဲ့ကြပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ နှစ်အလိုက်ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကျေးရွာလူထုများမှ ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အစည်းအဝေးတွင် အများသဘောတူညီသတ်မှတ်ထားသော နှစ်အလိုက်ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စဉ်** | **စီမံချက်အမည်** | **ဦးစား ပေး အဆင့်** | **၂၀၂၆ ၂၀၂၇** | **၂၀၂၇ ၂၀၂၈** | **၂၀၂၈ ၂၀၂၉** | **၂၀၂၉ ၂၀၃၀** | **၂၀၃၀ ၂၀၃၁** |
|---|---|---|---|---|---|---|---|
| ၁ | စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပေ(၅၀၀) | ၁ | √ | | | | |
| ၂ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်း (၃၀၀၀'x ၁၂'x ၆') | ၂ | √ | √ | | | |
| ၃ | မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း (၃၀'x ၁၈'x ၁၀') | ၃ | √ | √ | √ | | |
| ၄ | ဘောလုံးကွင်သစ်တည်ဆောက်ခြင်း (၁)ကွင်း | ၄ | | √ | √ | √ | √ |

| စဉ် | စီမံချက်အမည် | ဦးစားပေးအဆင့် | ၂၀၂၆<br>၂၀၂၇ | ၂၀၂၇<br>၂၀၂၈ | ၂၀၂၈<br>၂၀၂၉ | ၂၀၂၉<br>၂၀၃၀ | ၂၀၃၀<br>၂၀၃၁ |
|---|---|---|---|---|---|---|---|
| ၅ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း (၅၀'**x** ၂၀'**x** ၁၄') | ၅ | | √ | √ | √ | √ |
| ၆ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၂/၀)မိုင် | ၆ | | √ | √ | √ | √ |
| ၇ | ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ဂါလံ(၂၀၀၀၀)ဆံ့ကန် (၁)ကန် | ၇ | | | √ | √ | √ |
| ၈ | မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း **Type-1** (၁)ယူနစ် | ၈ | | √ | √ | √ | √ |

## ၁၁။ ဆောင်းပြောင်း(နောက်)ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

| စဉ် | စီမံချက်အမည် | အကဲဖြတ် အမှတ် ပေးသူ အဖွဲ့(၁) | အကဲဖြတ် အမှတ် ပေးသူ အဖွဲ့(၂) | အကဲဖြတ် အမှတ် ပေးသူ အဖွဲ့(၃) | အကဲဖြတ် အမှတ် ပေးသူ အဖွဲ့(၄) | အကဲဖြတ် အမှတ် ပေးသူ အဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပေ(၅၀၀) | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၅၀ | ၁ |
| ၂ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၃၀၀၀'**x** ၁၂'**x** ၆') | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉ | ၄၉ | ၂ |
| ၃ | မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း(၃၀'**x** ၁၈'**x** ၁၀') | ၈ | ၁၀ | ၁၀ | ၈ | ၁၀ | ၄၅ | ၃ |
| ၄ | ဘောလုံးကွင်းသစ်တည်ဆောက်ခြင်း(၁)ကွင်း | ၈ | ၈ | ၈ | ၈ | ၈ | ၄၀ | ၄ |
| ၅ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း (၅၀'**x** ၂၀'**x** ၁၄') | ၇ | ၇ | ၇ | ၇ | ၇ | ၃၅ | ၅ |
| ၆ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း(၂/၀)မိုင် | ၆ | ၆ | ၆ | ၆ | ၆ | ၃၀ | ၆ |
| ၇ | ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းဂါလံ(၂၀၀၀၀)ဆံ့ကန် (၁)ကန် | ၅ | ၅ | ၅ | ၅ | ၅ | ၂၅ | ၇ |
| ၈ | မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း **Type-1** (၁)ယူနစ် | ၅ | ၅ | ၅ | ၅ | ၄ | ၂၄ | ၈ |

၁၂။ ဆောင်းပြောင်း(နောက်)ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်စာရင်း

| စဉ် | ကော်မတီဝင်အမည် (မှတ်ပုံတင်ပါအမည်) | အဘအမည် | မှတ်ပုံတင်အမှတ် | ရာထူး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးခွန်ဇော်ဦး | ဦးညွှန်ဖေ | ၁၃/ပလန(နိုင်)၀၄၂၁၂၀ | ဥက္ကဋ္ဌ | |
| ၂ | ဦးခွန်ထွန်းကြည် | ဦးတီးဟုတ် | ၁၃/ပလန(နိုင်)၀၆၁၉၃၂ | အတွင်းရေးမှူး | |
| ၃ | ဒေါ်ကြည်ခမ်းဝင်း | ဦးခွန်ခတ္တီး | ၁၃/ပလန(နိုင်)၀၉၆၇၉၈ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးခွန်ငွေးသိန်း | ဦးခွန်ထွန်းလှိုင် | ၁၃/ပလန(နိုင်)၀၄၂၉၆၆ | စာရင်းကိုင် | |
| ၅ | ဦးမောင်မြ | ဦးစန္ဒီမာ | ၁၃/ပလန(နိုင်)၀၉၃၆၃၈ | အဖွဲ့ဝင် | |
| ၆ | ဒေါ်လီယုံ | ဦးဝိသုတ | ၁၃/ပလန(နိုင်)၀၉၃၅၈၀ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ခင်ပြုံးကြည် | ဦးသိန်းအောင် | ၁၃/ပလန(နိုင်)၁၂၇၁၂၁ | အဖွဲ့ဝင် | |

၁၃။ ဆောင်းပြောင်း(နောက်)ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

| စဉ် | အစုအဖွဲ့အမည် (မှတ်ပုံတင်ပါအမည်) | အဘအမည် | မှတ်ပုံတင်အမှတ် | ရာထူး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးခွန်ဇော်ဦး | ဦးညွှန်ဖေ | ၁၃/ပလန(နိုင်)၀၄၂၁၂၀ | ဥက္ကဋ္ဌ | |
| ၂ | ဒေါ်ကြည်ခမ်းဝင်း | ဦးခွန်ခတ္တီး | ၁၃/ပလန(နိုင်)၀၉၆၇၉၈ | ဘဏ္ဍာရေးမှူး | |
| ၃ | ဦးခွန်ငွေးသိန်း | ဦးခွန်ထွန်းလှိုင် | ၁၃/ပလန(နိုင်)၀၄၂၉၆၆ | စာရင်းကိုင် | |

## ၁၄။ စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )

| | |
|---|---|
| ကျေးရွာ | - ဆောင်းပြောင်း(နောက်)ကျေးရွာ |
| ကျေးရွာအုပ်စု | - လုံးပျဉ်ကျေးရွာအုပ်စု |
| မြို့နယ် | - ပင်လောင်းမြို့နယ် |
| တိုင်း/ပြည်နယ် | - ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| စီမံချက်အမည် | **- စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပေ(၅၀၀)** |

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ကျေးရွာတွင် နွေရာသီရေရှားပါးခြင်း ၊ လူဦးရေများပြားလာခြင်း စသည်တို့ကြောင့် တစ်နှစ်ပတ်လုံး သန့် ရှင်းသော သောက်သုံးရေ ဖူလုံစေရေးအတွက် အရေးကြီးပါသည်။ သို့ဖြစ်ပါ၍ (VDP) စီမံကိန်းထောက်ပံ့ ငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပေ(၅၀၀)အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအား ကျေးရွာမှ အများသဘောတူညီရွေးချယ်ထားသောဦးစားပေး လုပ်ငန်းတစ်ခုဖြစ်ပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

(VDP) စီမံကိန်းထောက်ပံ့ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာမှ အများသဘောတူညီ ရွေးချယ်ထားသည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက် ပါမည်။ ၎င်းလုပ်ငန်းဆောင်ရွက်နိုင်မည်ဆိုပါက ကျေးရွာမှ တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံစေမည်ဖြစ် ပါကြောင်း တင်ပြအပ်ပါသည်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)**

(VDP) စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးရွာတွင် တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံစေမည့်အပြင် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေး ကဏ္ဍတွင်များစွာ အကျိုးပြုစေပါ သည်။

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် ) | |
|---|---|
| သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေများဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၅၀၀၀၀၀၀/-(ငွေသား)<br>• ၁၀၀၀၀၀၀/- (ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၄၃၄ | ၄၆၁ | ၈၉၅ | ၈ | ၃၁ | ၈၇ | ၈၃ | ၂၀၉ |
| အကျိုးခံစားမည့်သူ ဦးရေ | ၄၃၄ | ၄၆၁ | ၈၉၅ | ၈ | ၃၁ | ၈၇ | ၈၃ | ၂၀၉ |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း( များ ) |
|---|
| (VDP) စီမံကိန်းထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာမှ အများသဘောတူညီ ရွေးချယ်ထားသည့် ကော်မတီအဖွဲ့မှ ဦးစီးဦးဆောင်မှုနှင့် ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုနှင့်အတူ သတ်မှတ်ကာလ အချိန်တွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ |
| (၂) **စီမံချက်စတင်မည့် အချိန်ခန့်မှန်း -** ၁၀-၈-၂၀၂၆ |
| (၃) **စီမံချက် ပြီးစီးမည့် အချိန် -** ၃၀-၁၀-၂၀၂၆ |

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

(VDP) ကျေးရွာကော်မတီအနေဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ကျေးရွာမှ ထည်ဝင်ပူးပေါင်းပါဝင်မှုအနေဖြင့် လုပ်အားနှင့် ငွေကြေးများထည့်ဝင်နိုင်စေရေး ဦးဆောင်စည်းရုံးမည် ဖြစ်ပြီး ကျေးရွာရှိ ကျောင်းထိုင် ဆရာတော်မှ တစ်ဆင့် လုပ်အားနှင့် ငွေကြေး ထည့်ဝင်ပါဝင်နိုင် စေရေး စည်းရုံးဆော်ဩသွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်နေစဉ် ကျေးရွာမှ ထည့်ဝင်မည့် လုပ်အားသည် အလှည့်ကျ အဖွဲ့လိုက်စနစ်ဖြင့် ဆောင်ရွက်စေမည်ဖြစ်ပါသည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

(VDP)လုပ်ငန်းဆောင်ရွက်ပြီးပါက ရေရှည်တည်တံ့အသုံးပြုနိုင်စေရေးအတွက် သက်ဆိုင်သည့် ကော်မတီ တစ်ရပ်ကို အများသဘောတူညီချက်ဖြင့် ဖွဲ့စည်းစေပြီး ၎င်းကော်မတီအဖွဲ့ထံသို့ လုပ်ငန်းလွှဲ ပြောင်းပေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းမှုအတွက် လိုအပ်သော ကုန်ကျစရိတ်များအတွက် ရန်ပုံငွေ ရရှိနိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၅။ **ဆောင်းပြောင်း(နောက်)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်စွာ ရရှိရန် အခက်အခဲရှိခြင်း | ကျေးရွာရေထွက်အရင်းမြစ်မရှိခြင်း | ကျေးရွာမှ တတ်နိုင်သည့် ငွေကြေးနှင့်လုပ်အားများ ပူးပေါင်း ပါဝင်နိုင်ခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပေ(၅၀၀) |
| ၂ | မိုးရာသီအချိန်တွင် သွားလာရအခက်အခဲရှိခြင်း | ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း၊ ကျောက်ခင်းလမ်းများ ဖြစ်နေခြင်း | ကျေးရွာမှ တတ်နိုင်သည့် ငွေကြေးနှင့်လုပ်အားများ ပူးပေါင်း ပါဝင်နိုင်ခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၃၀၀၀'x ၁၂'x ၆') |
| ၃ | ကလေးငယ်များအတွက် ကစားသည့်နေရာမရှိခြင်း၊ နေ့ထိန်းကျောင်းမရှိခြင်း | မူကြိုကျောင်းမရှိခြင်း | မြေနေရာရှိခြင်း၊ ကျေးရွာမှတတ်နိုင်သည့် ငွေကြေးနှင့် လုပ်အားများ ပူးပေါင်း ပါဝင်နိုင်ခြင်း | သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း (၃၀'x ၁၈'x ၁၀') |
| ၄ | လူငယ်များ အားကစားနှင့်ပတ်သက်၍ လေ့ကျင့်ရန်နေရာမရှိခြင်း | အားကစားကွင်းမရှိခြင်း | မြေနေရာရှိခြင်း၊ ကျေးရွာမှတတ်နိုင်သည့် ငွေကြေးနှင့် လုပ်အားများ ပူးပေါင်း ပါဝင်နိုင်ခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ဘောလုံးကွင်းသစ်တည်ဆောက်ခြင်း (၁)ကွင်း |
| ၅ | အများပိုင်ဘုံပစ္စည်းများထားသိုရန် နေရာမရှိခြင်း အစည်းအဝေးပြုလုပ်ရန် နေရာမရှိခြင်း | ကျေးရွာအများပိုင်ဘုံခန်းမဆောင်မရှိခြင်း | မြေနေရာရှိခြင်း၊ ကျေးရွာမှတတ်နိုင်သည့် ငွေကြေးနှင့်လုပ်အားများ ပူးပေါင်း ပါဝင်နိုင်ခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း (၅၀'x ၂၀'x ၁၄') |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | ထုတ်ကုန်များသယ်ယူရာတွင် အခက်အခဲရှိခြင်း | ကုန်ထုတ်လမ်းများ မကောင်းခြင်း၊ လမ်းကျဉ်းခြင်း | ကျေးရွာမှ တတ်နိုင်သည့် ငွေကြေးနှင့်လုပ်အားများ ပူးပေါင်း ပါဝင်နိုင်ခြင်း၊ | သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှု အားနည်းခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၂/၀)မိုင် |
| ၇ | တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်စွာ ရရှိရန် အခက်အခဲရှိခြင်း | ကျေးရွာတွင်းတွင်အများသုံး ရေသိုလှောင်ကန် မရှိခြင်း | ကျေးရွာမှ တတ်နိုင်သည့် ငွေကြေးနှင့်လုပ်အား များပူးပေါင်းပါဝင်နိုင်ခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ဂါလံ(၂၀၀၀၀)ဆံ့ကန် (၁)ကန် |
| ၈ | ဈေးငွေအခက်အခဲရှိခြင်း | အတိုးနှုန်းသက်သာသည့် ဈေးငွေများရရှိမှု နည်းပါးခြင်း | ကျေးရွာမှ အိမ်ထောင်စုများသည် စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်ခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း **Type-1** (၁)ယူနစ် |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ | | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၂၂ | ၄၀ | | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၃၀ | ၅၆ | | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၄ | ၃၅ | ၇၉ | ၅ | | ၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၆ | ၃၃၀ | ၆၄၆ | | ၁ | ၁ |
| ၆၅ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၄၁ | ၆၈ | | | |
| **စုစုပေါင်း** | | **၄၃၄** | **၄၆၁** | **၈၉၅** | **၅** | **၁** | **၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၀၉** | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု(၂၀၉)စု၊ စုစုပေါင်းလူဦးရေ ကျား/မ အရေအတွက်မှာ (၈၉၅)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သော ကျား/မ ဦးရေမှာ(၆၄၆)ဦးရှိပြီး၊ အသက်(၁၄)နှစ်အောက် (၇၉)ဦးရှိပြီး သက်ကြီးရွယ်အို(၆၈)ဦးရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ၊ သာရေး/နာရေးများ တွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည်ကိုတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈၉ | ၆၀၀ | ၅၁ | ၃၈ | ၄၂ | ၄၅ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၇ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၄ | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၅ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၄၃ | ၁ | ၉ | ၁၀ | | မြင့် ☐ လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၀ | ၁ | | ၁ | | မြင့် ☐ လတ် ☑<br>နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၃ | | | | | မြင့် ☐ လတ် ☑<br>နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉၂ | ၁၄၉ | ၁၀ | ၈ | ၂၇ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၀၉ | ၈၉၅ | ၅၁ | ၃၈ | ၄၂ | ၄၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပြီး အခြားဝင်ငွေရလုပ်ငန်းဖြစ်သည့် မွေးမြူရေးလုပ်ငန်း နှင့်ပညာရေးဝန်ထမ်းအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုမှာ(၄၅)စုရှိပါသည်။ အခြေခံသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် အပ်ချုပ် စက်၊ ကား/ ဆိုင်ကယ်ပြင် လုပ်ငန်းလုပ်ကိုင်သူ အလွန်နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၃၀၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူစသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ စိုက်ပျိုးလုပ်ငန်းများတွင် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား သတ်မှတ်မှုမှာ ကွာဟမှုအနည်းငယ်ရှိပြီး အခြားသော ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် အနည်းဆုံး နှင့် အများဆုံး လုပ်အားခသတ်မှတ်မှု ကွာဟမှုရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမျိုးသမီးများဝင်ရောက်လုပ်ကိုင်မှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၁၅.၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၂.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၆၀.၈** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

